# သာယာလှပသောကမ္ဘာကြီးကို လက်တွဲတည်ဆောက်ကြပါစို့
## (တရုတ်ကွန်မြူနစ်ပါတီနဲ့ ကမ္ဘာ့နိုင်ငံရေးပါတီများ အဆင့်မြင့်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား၌ တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးမှူးမစ္စတာ Xi Jinping ပြောကြားသည့်မိန့်ခွန်း)

**လေးစားအပ်ပါသောနိုင်ငံအသီးသီးမှနိုင်ငံရေးပါတီအကြီးအကဲများ၊**

**ကြွရောက်လာကြသောဧည့်သည်တော်များ၊ မိတ်ဆွေများခင်ဗျား၊**

မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။ နိုင်ငံအသီးသီးကနိုင်ငံရေးပါတီနဲ့ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များနဲ့အတူ "တရုတ်ကွန်မြူနစ်ပါတီနဲ့ကမ္ဘာ့နိုင်ငံရေးပါတီများအဆင့်မြင့်ဆွေးနွေးပွဲ"ကို တက်ရောက်နိုင်တဲ့အတွက် အင်မတန်မှဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ နှစ်ကုန်ခါနီးမှာ လူကြီးမင်းတို့အလုပ်များပြားသော်လည်း စတုဒိသာလေးမျက်နှာက ပေကျင်းကို ကြွရောက်စုဝေးလာကြပြီး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို အတူတကွဆွေးနွေးညှိနှိုင်းခြင်းဟာ လူကြီးမင်းတို့ရဲ့ အနာဂတ်လူသားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကမ္ဘာ့ရေးရေးအပေါ် ဂရုစိုက်မှုကို အပြည့်အဝ ဖော်ပြထားပါတယ်။

အခွင့်အခါကြုံခိုက် တရုတ်ကွန်မြူနစ်ပါတီကိုယ်စားရော၊ ကျွန်တော်ကိုယ်တိုင်အနေနဲ့ပါ ရပ်ဝေးကကြွရောက်လာကြတဲ့မိတ်ဆွေများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ အလျဉ်းသင့်သလိုပဲ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံကျင်းပစဉ် ဝမ်းမြောက်ဂုဏ်ပြုကြောင်းသဝဏ်လွှာပေးပို့ခဲ့တဲ့နိုင်ငံရေးပါတီ၊ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးအား အနူးအညွတ်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါတယ်။

တရုတ်ကွန်မြူနစ်ပါတီ (၁၉) ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံမှာ အခုအချိန်မှ ၂၁ရာစုအလယ်ပိုင်းအထိ တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးရေးလမ်းပြမြေပုံကိုရေးဆွဲခဲ့ပါတယ်။ ဒါ့ပြင် တရုတ်နိုင်ငံဟာ နိုင်ငံအသီးသီးနဲ့အတူ အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်း လက်တွဲတည်ဆောက်ဖို့ ဆန္ဒလည်းဖော်ပြခဲ့ပါတယ်။ နိုင်ငံရေးပါတီဟာ နိုင်ငံရေးနယ်ပယ်မှာ အရေးကြီး တဲ့အခန်းကဏ္ဍမှာပါဝင်နေတဲ့အပြင် လူသားယဉ်ကျေးမှုဖြစ်ထွန်းအောင် တွန်းအားပေးတဲ့ သော့ချက်အင်အားလည်းဖြစ်ပါတယ်။ လူကြီးမင်းတို့ဟာ နိုင်ငံအသီးသီးက နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်းပေါင်း ၃၀၀ နီးပါးရဲ့ခေါင်းဆောင်တွေပါ။ ကျွန်တော်တို့ရဲ့ ခံစားချက်ကို ကြွရောက် လာကြတဲ့လူကြီးမင်းများနဲ့ မျှဝေပါရစေ။

ဧည့်သည်တော်များနဲ့မိတ်ဆွေများခင်ဗျား၊

ချမ်းမြေ့သာယာတဲ့ဘဝပိုင်ဆိုင်ဖို့ဟာ ရှေးပဝေသဏီကတည်းက လူသားများအားလုံး ကြိုးစားပမ်းစားအကောင်အထည်ဖော်ချင်တဲ့မျှော်မှန်းချက်ပါပဲ။ လူသားယဉ်ကျေးမှု ပေါ်ပေါက်ဖြစ်ထွန်းလာတဲ့ နှစ်ပေါင်းထောင်နဲ့ချီတဲ့သမိုင်းတစ်လျှောက်လုံးမှာ လူသားများဟာ ထွန်းလင်းတောက်ပတဲ့ယဉ်ကျေးမှုအောင်သီးအောင်ပွင့်ကို ဖန်တီးနိုင်ခဲ့သော်လည်း စစ်ပွဲနဲ့အဓိကရုဏ်းတွေ မပြတ်မလပ်အမြဲတမ်းဒွန်တွဲနေတာပဲ။ ဒါတင်မကသေးပါဘူး၊ သဘာဝဘေးအန္တရာယ်နဲ့ ကာလနာရောဂါမျိုးစုံကြောင့် လူသားများဒုက္ခပင်လယ်ဝေနေပြီး များစွာနစ်နာဆုံးရှုံးခဲ့ပါတယ်။ ဒီနေ့ အင်တာနက်၊ big data ၊ cloud computing ၊ ကွမ်တမ် (quantum) ငြိုဟ်တု၊ အေအိုင် (artificial intelligence) စတာတွေ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ လူသားများ နေ့စဉ်ဘဝအချင်းချင်းဆက်နွယ်မှု မကြုံစဖူး လောက်အောင် များပြားပါတယ်။ တစ်ချိန်ထဲမှာပဲ လူသားများရင်ဆိုင်ကြုံတွေ့ရတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေလည်း မကြုံစဖူးလောက်အောင် များပြားကျယ်ဝန်းနက်ရှိုင်းပါတယ်။ နိုင်ငံအသီးသီးကလူတွေရဲ့ ကံကြမ္မာလည်း ပိုပြီးနီးကပ်စွာ ချိတ်ဆက်လာပါပြီ။ ၄င်းအခြေအနေ ရင်ဆိုင်လျက် လူသားများဟာ ထွက်ပေါက်နစ်ခုသာရှိရာ နံပါတ်(၁)က အခွင့်အရေးရအောင် ဆိုးဝါးစွာ

အားပြိုင်ကြတဲ့အတွက် ဖြစ်ရပ်ဆိုးကြီးအန္တရာယ်ကို ပါလာနိုင်ခြေရှိပါတယ်။ နံပါတ်(၂)က လက်ရှိခေတ်ရေစီးကြောင်းနဲ့အညီ စိန်ခေါ်မှုတွေကို တစ်စိတ်တစ်ဝမ်းတည်း ရင်ဆိုင်ကျော်လွှားပြီး ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ဖို့ဖြစ်တယ်။ ဒီလိုဆောင်ရွက်နိုင်ပါက အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်း ဖော်ဆောင်ဖို့ အကျိုးပြုမယ့် ပတ်ဝန်းကျင်ကို ဖန်တီးပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့က သမိုင်းဝင် အခွင့်ကောင်းကို ဆုပ်ကိုင်ရပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ချမှတ်ကာ ပိုမိုထွန်းလင်းတောက်ပတဲ့ လူသားအနာဂတ်ကို အတူတကွဖန်တီးသင့်ပါတယ်။

တရုတ်လူမျိုးဟာ ကြာမြင့်တဲ့သမိုင်းကြောင်းနဲ့ ထွန်းတောက်တဲ့ယဉ်ကျေးမှုကို ဖြတ်သန်းလာတဲ့လူမျိုးပါ။ သို့သော် လွန်ခဲ့တဲ့နှစ်ပေါင်း၂၀၀ကစပြီး သွေးနဲ့မီးနဲ့ဒုက္ခအမျိုးမျိုးအဖုံဖုံကို အလူးအလဲကြုံတွေ့ခဲ့ရတယ်။ တရုတ်လူမျိုးဟာ ကံကြမ္မာကို ရှုံးနိမ့်မခံရဘဲ ကိုယ်ထူကိုယ်ထ၊ ရဲစွမ်းသတ္တိရှိရှိနဲ့ နှစ်ရှည်လများရုန်းကန်ကြိုးပမ်းမှုကြောင့် အခုလိုပြန်လည်ဖွံ့ဖြိုးတိုးတက်တဲ့လမ်းမကြီးပေါ်မှာ ရှေးရှုချီတက်လာပါပြီ။ သမိုင်းကို ပြန်လှည့်ကြည့်ရင် ရှေးကျတဲ့တရုတ်လူမျိုးနဲ့ နှစ်ပေါင်း ၅၀၀၀ ကြာရှည်တဲ့တရုတ်ယဉ်ကျေးမှု အခုအချိန်အထိ ရှင်သန်နိုင်တဲ့အဓိကအကြောင်းအရင်းမှာ တရုတ်လူမျိုးသွေးကြောနဲ့ နှလုံးသားမှာ အမြစ်တွယ်ထားတဲ့ယဉ်ကျေးမှုမျိုးရိုးဗီဇပေါ်ပဲ။ တရုတ်ယဉ်ကျေးမှုမှာ ''ကမ္ဘာတစ်ဝန်းဟာမိသားစုတစ်စုပါပဲ'' ဆိုတဲ့ခံယူချက်ရှိပါတယ်။ ပြည်သူလူထုက ကိုယ့်ဆွေမျိုးရင်းချာ၊ အရာဝတ္ထုမှန်သမျှက ကိုယ့်မျိုးရိုးဖြစ်ခြင်း၊ သောင်းခြောက်ထောင်သောတိုင်းပြည်မဟာသဟဇာတဖြစ်ပြီး တစ်ကမ္ဘာလုံးဟာလူထုကြီးပိုင်ဆိုင်ကြတယ်ဆိုတဲ့ တရုတ်ရှေးဟောင်းစကားပုံတွေလည်း တော်တော်များများရှိပါတယ်။ တရုတ်လူမျိုးဟာ ''တရားမျှတမှုပြီးပြည့်စုံပြီး ပိုမိုကောင်းမွန်တဲ့ကမ္ဘာ''ကို တည်ဆောက်ဖို့ အမြဲတမ်းကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ကမ္ဘာပေါ်တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကြား အမျိုးမျိုးသောကွဲလွဲမှုနဲ့ပဋိပက္ခမလွဲမသွေရင်ဆိုင်ရသော်လည်း ကျွန်တော်တို့ အားလုံးဟာ တစ်ခွင်တည်းသောမိုးကောင်းကင်

အောက်မှာ မှီတင်းနေထိုင်ကြပြီး တစ်လုံးတည်း သောမြေကမ္ဘာပေါ်မှာ သက်ဝင်လှုပ်ရှားနေတဲ့အတွက် သွေးချင်းသားချင်းမိသားစုဝင်လိုပဲ သဘောထားသင့်ပါတယ်။ နိုင်ငံအားလုံးရဲ့ ပြည်သူပြည်သားများအနေနဲ့ ကမ္ဘာတစ်ဝန်း ဟာမိသားစုတစ်စုပါပဲဆိုတာကိုခံယူပြီး သဘောထားကြီးကြီးနဲ့ အပြန်အလှန်နားလည်သင့်တယ်၊ တူညီမှုရှာကြပြီး ကွဲလွဲမှုဖယ်ချန်သင့်တယ်၊ အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်း ရည်မှန်းချက်ရရှိအောင် တက်ညီလက်ညီ အားသွန်ခွန်စိုက်ဆောင်ရွက်သင့်ပါတယ်။

၂၀၁၃ခုနှစ်တုန်းက အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်းကို တည်ဆောက်ဖို့ ကျွန်တော်ပထမဦးဆုံးတစ်ခေါက်အဆိုပြုခဲ့ပါတယ်။ နောက်ပိုင်းမှာ တရုတ်နိုင်ငံနဲ့ နိုင်ငံအသီးသီး ပူးပေါင်းဆောင်ရွက်မှု စဉ်ဆက်မပြတ်တိုးချဲ့လာပါတယ်။ ဒီအဆိုပြုချက်ကို ထောက်ခံအားပေးတဲ့လူတွေလည်း များသထက်များလာပါတယ်။ ၄င်းအဆိုပြုချက်ဟာ အတွေးအခေါ်ကနေ လက်တွေ့လုပ်ငန်းအဖြစ် ပုံဖော်နေတယ်လို့ ဝမ်းမြောက်ဝမ်းသာစွာ မြင်တွေ့နေပါပြီ။ အေးအတူပူအမျှဖြစ်တဲ့ လူသားအသိုက်အဝန်းလက်တွေ့ အကောင်အထည်ဖော်ဖို့အတွက် တရုတ်နိုင်ငံ “ရပ်ဝန်းနဲ့လမ်းမကြီး” (Belt and Road) အဆိုပြုခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၄ နှစ်တာကာလအတွင်း “ရပ်ဝန်းနဲ့လမ်းမကြီး” (Belt and Road ) အဆိုပြုချက်ဟာ သက်ဆိုင်ရာနိုင်ငံအသီးသီးက အတူတကွဖွံ့ဖြိုးတိုးတက်ဖို့ ကြီးမားလှတဲ့ပူးပေါင်းဆောင်ရွက်ရေးပလက်ဖောင်းဖြစ်လာနေပါပြီ။ အမြစ်အသွယ်သွယ်စုဆောင်းမှ ပင်လယ်ကြီးပေါ်ပေါက်နိုင်ပြီး ကြယ်ပွင့်အပွင့်ပွင့်ကြောင့် နဂါးငွေ့တောင်အလင်းရောင် သန်းနိုင်ပါတယ်ဆိုသလိုပဲ။ ဘက် အသီးသီးအနေနဲ့အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်း ခံယူချက်ဖြင့် အတူတကွ စီမံခန့်ခွဲလက်တွေ့ဖော်ဆောင်ကာ တစ်ဆင့်ပြီးတစ်ဆင့်နှစ်ရှည်လများ မမိုတ်မသုန်ကြိုးပမ်းအားထုတ်ပါက အေးအတူပူအမျှဖြစ်တဲ့ လူသားအသိုက်အဝန်း ဆိုတဲ့ အိပ်မက်လုံးဝဥဿုံဖြစ်မြောက် နိုင်မယ်လို့ ကျွန်တော်တည်ကြည်လေးနက်စွာ ယုံကြည်ပါတယ်။

ဧည့်သည်တော်များနဲ့ မိတ်ဆွေများခင်ဗျား၊

အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်းဆိုလိုတာဟာ လူမျိုးတိုင်း၊ နိုင်ငံတိုင်းရဲ့ ကံကြမ္မာအချင်းချင်း နီးကပ်စွာဆက်နွယ်ထားပြီး တစ်လှေတည်းစီးတစ်ခရီးတည်းသွား၊ ခံအတူစံအတူနဲ့ ကျွန်တော်တို့မွေးဖွားရာမှီခိုနေထိုင်ရာ ဒီမြေကမ္ဘာကြီးကို သင့်မြတ်တဲ့ မိသားစုကြီးဖြစ်အောင် တည်ဆောက်ဖို့၊ ဘဝသာယာဝပြောရေးဆိုတဲ့လူသားမျှော်လင့်ချက်ကို အကောင်အထည်ဖော်ဖို့ဖြစ်တယ်။

**ကျွန်တော်တို့ဟာ ကြောက်ရွံ့မှု ကင်းဝေးပြီး လုံခြုံမှုရှိတဲ့ကမ္ဘာကြီးကို တည်ဆောက်ဖို့လိုပါတယ်။** လူသားယဥ်ကျေးမှုဖြစ်စဥ်ကို ပြန်ကြည့်ပါက ထာဝရငြိမ်းချမ်းရေးကို နှစ်ရှည်လများမျှော်လင့်တောင့်တခဲ့သော်လည်း တိုက်ပွဲဘယ်တော့မှ မကင်းဝေးခဲ့ပါဘူး။ စစ်မီး ခြိမ်းခြောက်မှုဟာလူသားများကို ထက်ကြပ်မကွာလိုက်ပါနေပါတယ်။ လူသားများဟာ မြေကမ္ဘာတစ်လုံးတည်းပေါ်မှာ အတူတူနေထိုင်လျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိ လုံခြုံရေးရအောင်ကြိုးစားရာမှာ နောက်တစ်နိုင်ငံရဲ့ လုံခြုံမှုနဲ့ ရင်းလို့မရပါဘူး။ တိုင်းတစ်ပါး ရင်ဆိုင်တဲ့ခြိမ်းခြောက်မှုက ကိုယ့်နိုင်ငံအပေါ် ဂယက်ရိုက်ခတ်မှုဖြစ်စေနိုင်ပါတယ်။ တစ်နေ့ တခြားရှုပ်ထွေးကျယ်ပြန့်တဲ့လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုကို ရင်ဆိုင်လျက်တစ်ကိုယ်ရေတစ်ကာယ လုပ်လို့မရဘူး၊ စစ်ရေးစွဲလန်းပြီး ဖြေရှင်းလို့လည်းမရဘူး။ ကျွန်တော်တို့ဟာ ကျယ်ပြန့်ခြင်း၊ ရေရှည်တည်တံ့ခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းနဲ့ပြည့်စုံတဲ့ လုံခြုံရေးအမြင်ကို စွဲကိုင်ပြီး တရားမျှတတဲ့ လုံခြုံရေးပတ်ဝန်းကျင်ကို အတူတူတည်ဆောက်မျှဝေဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ စစ်ပွဲဖြစ်ပွဲစေနိုင်တဲ့ အရင်းအမြစ်ကို အတူတကွ ဖယ်ရှားဖို့လိုသလို လက်နက်ကျည်ဆံခြိမ်းခြောက်မှုခံရတဲ့ပြည်သူကို အတူတကွကယ်တင်ဖို့လိုပါတယ်။ စစ်မီးမှာ လူးလူးလဲလဲခံနေတဲ့ အမျိုးသမီးများနဲ့ ကလေးများကို အတူတကွ ကာကွယ်ပေးဖို့လိုပါတယ်။ မြေကမ္ဘာကြီးတစ်ခုလုံးကို ငြိမ်းချမ်းရေး နေရောင်ချည်ဖုံးလွှမ်းစေပြီး လူတိုင်းတည်ငြိမ် အေးချမ်းရေးကိုခံစားစေဖို့လိုပါတယ်။

**ကျွန်တော်တို့ဟာ ဆင်းရဲမွဲတေမှုကင်းဝေးပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်တဲ့**

**ကမ္ဘာကြီးကို တည်ဆောက်ဖို့လိုပါတယ်။** လက်ရှိကမ္ဘာမှာ ရုပ်ပိုင်းဆိုင်ရာနဲ့ နည်းပညာအဆင့် အတန်းဟာ ရှေးခေတ်ဘိုးဘွားဘီဘင် မယုံလောက်အောင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ သို့သော် ဖွံ့ဖြိုးမှုမညီမျှခြင်း၊ မပြည့်စုံခြင်းပြဿနာတွေဟာ ကျယ်ပြန့်စွာတည်ရှိနေတုန်းပဲ။ ကမ္ဘာ့တောင်နဲ့မြောက် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားနေတုန်းပဲ။ ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှု ဆိုးဝါးနေတုန်းပဲ။ digital gap အသစ်စတင်ပေါ်ပေါက်လာပါပြီ။ ဆင်းရဲဒုက္ခထဲဝေနေတဲ့ နိုင်ငံနဲ့ပြည်သူ များစွာရှိနေပါသေးတယ်။ တကယ်လို့များ တစ်ဘက်နိုင်တစ်ဘက်ရှုံး၊ နိုင်သူအကုန်စားစတဲ့ ရှေးရိုးစွဲသဘောကို ဆက်လက်ဆုပ်ကိုင်ပါက သို့မဟုတ် တစ်ဦးအပေါ် တစ်ဦးလိမ်လည်လှည့်ဖြားခြင်း (wheeling-and-dealing)၊ ကိုယ့်အိမ်ကအမှိုက် အိမ်နီးချင်းခြံသို့သွန်ချခြင်း (beggar-thy-neighbour) စတဲ့ရှေးရိုးစွဲ နည်းစနစ်ကို သုံးစွဲပါက သူများကို ဒုက္ခပေးတဲ့တစ်ချိန်တည်းမှာပဲ မိမိရဲ့ ထွက်ပေါက်လည်း ပိတ်ဆို့ရာရောက်တယ်။ မိမိနိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံကိုခြစားရုံမက လူသားများအားလုံးရဲ့ အနာဂတ်ကိုလည်း နစ်နာစေမှာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ မိမိသာမကအားလုံးကောင်းစားရေးမူကို စွဲကိုင်ပြီး တံခါးဖွင့်ခြင်း၊ သဘောထားကြီးခြင်း၊ အကျိုးမျှခြင်း၊ ဟန်ချက်ညီခြင်း၊ အတူတကွ အနိုင်ရခြင်းနဲ့ ပြည့်စုံတဲ့စီးပွါးရေး globalization ကိုဖော်ဆောင်ဖို့လိုပါတယ်။ လူသားဖွံ့ဖြိုးရေးအတွက် ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကို အတူတကွဖန်တီးဖို့လိုပါတယ်။ နိုင်ငံအသီးသီးသာယာဝပြောအောင် အတူတကွတွန်းအား ပေးဖို့လိုသလို နိုင်ငံသားများရဲ့ဆင်းရဲမှု ပပျောက်အောင် လက်တွဲဆောင်ရွက်ဖို့လိုပါတယ်။ တစ်ကမ္ဘာလုံးရှိကလေးများအတွက် စားဝတ်နေရေးပူပင်ကြောင့်ကြမှုကင်းဝေးတဲ့ဘဝကို အတူတကွဖန်တီးဖို့လိုပါတယ်။ နိုင်ငံတိုင်းဖွံ့ဖြိုးရေး အောင်သီးအောင်ပွင့် ခံစားလို့ရအောင်၊ လူတိုင်းဖူလုံမှုနဲ့သာယာဝပြောရေးကို ခံစားလို့ရအောင် လက်တွဲဖော်ဆောင် ဖို့လိုပါတယ်။

**ကျွန်တော်တို့ဟာ တံခါးဖွင့်ပြီး သဘောထားကြီးမားခြင်းနဲ့ ပြည့်စုံတဲ့ကမ္ဘာကြီးကို တည်ဆောက်ဖို့လိုပါတယ်။** တရုတ်နိုင်ငံရှေးခေတ်ဆိုရိုးစကားတစ်ခုရှိရာ ကမ္ဘာပေါ်ရှိ

အရာဝတ္ထုအားလုံးဟာ သူ့လမ်းကြောင်းနဲ့သူရှိရာ အချင်းချင်းဒုက္ခမပေးပါဘူး၊ သဘာဝရဲ့ အချိန်နဲ့ ကာလဟာ သူ့စနစ်နဲ့သူလည်ပတ်နေရာ အချင်းချင်းအနှောင့်အယှက်မပေးပါဘူးတဲ့။ တူညီမှု ရှာကြံ ကွဲလွဲမှုဖယ်ချန်ခြင်း၊ သဘောထားကြီးမားခြင်း၊ အချင်းချင်းဖလှယ်ခြင်း နဲ့အပြန်အလှန် အတုယူခြင်းမရှိပါက ယဉ်ကျေးမှုထွန်းကားရေးနဲ့ လူသားဖွံ့ဖြိုးတိုးတက်ရေး လည်း အကောင်အထည်ဖော်နိုင်စရာကြောင်းမရှိပါဘူး။ လူသားယဉ်ကျေးမှုအတူတကွ တိုးတက်ရေးနဲ့ မတူညီ တဲ့ယဉ်ကျေးမှုသဟဇာတဖြစ်ရေးဟာ သမိုင်းမှပေးအပ်တဲ့တာဝန်ပါ။ မတူကွဲပြား တဲ့ယဉ်ကျေးမှုဟာ အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး လူသား ဖွံ့ဖြိုးရေးအတွက် စိတ်ဓာတ်အင်အား ပံ့ပိုးပေးဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာရောင်စုံ၊ ယဉ်ကျေးမှုမျိုးစုံဟူသောအယူအဆကို ခေါင်းထဲမှတ်ယူထားပြီး လူသားများ ဖန်တီးထားတဲ့ယဉ်ကျေးမှု အမျိုးမျိုးအဖုံဖုံကို ဝင်းပထွန်းတောက်စေပြီး လှပတဲ့ရောင်စုံ ပန်းချီကားကို ခြယ်လှယ်ဖို့လို ပါတယ်။ လက်ရှိယဉ်ကျေးမှုအဟန့်အတားကို လက်တွဲ သုတ်သင်ရှင်းလင်းဖို့လိုပါတယ်။ လူသားစိတ် ချင်းကူးလူးဖလှယ်ဖို့တားဆီးမှုကို ကာကွယ် ဖျက်ဆီးဖို့လိုပါတယ်။ ယဉ်ကျေးမှုအသီးသီး သင့်မြတ်စွာ ရပ်တည်ပြီး လူသားများယဉ်ကျေးမှုအာဟာရဖူလုံပြည့်စုံအောင် လက်တွဲပူးပေါင်းဆောင်ရွက် ဖို့လိုပါယ်။

**ကျွန်တော်တို့ဟာ စိမ်းလန်းစိုပြေပြီး သန့်ရှင်းသာယာလှပတဲ့ ကမ္ဘာကြီးကို တည်ဆောက်ဖို့လိုပါတယ်။** မြေကမ္ဘာဟာ ကျွန်တော်တို့တူညီတဲ့ အိမ်ရာဖြစ်တဲ့အပြင် အခုအချိန်အထိ လူသားများရဲ့တစ်ခုတည်းသော အိမ်ရာလည်းဖြစ်ပါတယ်။ လောလောဆယ် လူတစ်ချို့ဟာ အာကာသမှာ လူသားအတွက်အိမ်ရာအသစ်ကို ရှာဖွေနေပါတယ်။ သို့သော် ၄င်းဟာ ဝေးလံတဲ့အိပ်မက်အဆင့်ပဲ ရှိနေပါသေးတယ်။ ခန့်မှန်းလို့ရတဲ့အနာဂတ်မှာ လူသားများဟာ မြေကမ္ဘာပေါ်မှာပဲ ဆက်လက်နေထိုင်ရမှာပါ။ ဒါက ပြောင်းလဲလို့မရတဲ့ အဖြစ်မှန်ပါပဲ။ ကျွန်တော်တို့ဟာ မိမိအတွက်သာမက သားစဉ်မြေးဆက်အတွက်ပါ ဒီမြေကမ္ဘာအိမ်ရာကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ဖို့လိုပါတယ်။ လူသားနဲ့သဘာဝ

သဟဇာတဖြစ်ရေးအတွက် ကြိုးစားရပါမယ်။ မိမိအသက်လိုပဲ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားသင့်ပါတယ်။ ကျွန်တော်တို့ဟာ သဘာဝကိုကြည်ညိုမြတ်နိုးရတယ်၊ ရိုသေလေးစားရတယ်၊ လိုက်လျော ညီထွေဖြစ်ရတယ်၊ ကာကွယ်စောင့်ရှောက်ရတယ်။ အစားထိုးလို့မရတဲ့ ကမ္ဘာအိမ်ရာကို အတူတကွကာကွယ်ဖို့လိုပါတယ်။ ဇီဝပတ်ဝန်းကျင်ရဲ့ ဒဏ်ရာဒဏ်ချက်ကို အတူတကွကုစားဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ နေဖို့ထိုင်ဖို့ သင့်လျော်ပြီး သဟဇာတနဲ့ပြည့်စုံတဲ့ လူသားအိမ်ရာကို အတူတကွတည်ဆောက်ဖို့လိုပါတယ်။ သဘာဝပြန်နာလန်ထူ၊ အင်အားဖြည့်တင်းပေးစေပြီး လူတိုင်းလူတိုင်း စိန်းလန်းစိုပြေတဲ့ သဘာဝပတ်ဝန်းကျင်ကိုမျှဝေခံစားစေနိုင်အောင်ကြိုးစားသင့်ပါတယ်။

ဧည့်သည်တော်များနဲ့ မိတ်ဆွေများခင်ဗျား၊

လတ်တလော ကမ္ဘာအခြေအနေပြောင်းလဲနေသလို ဖွံ့ဖြိုးရေးပုံစံလည်း ပြောင်းလဲနေပါတယ်။ နိုင်ငံရေးပါတီအသီးသီးဟာ ခေတ်ရေစီးကြောင်းနဲ့အညီ ပြည်သူများ တူညီတဲ့ မျှော်မှန်းချက်ကိုဖြည့်ဆည်းပေးကာ မိမိကံကြမ္မာနဲ့နိုင်ငံ၊ လူမျိုး၊ လူသားများရဲ့ကံကြမ္မာ နီးနီးကပ်ကပ်ချိတ်ဆက်ထားဖို့လိုပါတယ်။ ကျွန်တော်တို့ဟာအမြော်အမြင်ကြီးကြီး၊ တာဝန်စိတ်ရှိရှိနဲ့ မိမိနိုင်ငံနဲ့ကမ္ဘာ့အရေးကိုရှေးရှုလျက် ခေတ်တာဝန်ကို ထမ်းဆောင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူများကိုချဉ်းကပ်ပြီးအောက်ခြေအခြေအနေကို သေချာလေ့လာကာ ပြည်သူ့လိုအပ်ချက်ကို ပါတီပန်းတိုင်ရည်မှန်းချက် ဖြစ်အောင် ပြောင်းလဲစေပြီး လက်တွေ့ကျတဲ့ လုပ်ငန်းစီမံကိန်းကိုချမှတ်ဖို့လိုပါတယ်။ အေးအတူ ပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်း တည်ဆောက်ရာမှာ ကမ္ဘာနိုင်ငံအသီးသီးကပြည်သူများ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ လူမျိုး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ဒေသန္တရအသီးသီးမှလူတွေရဲ့ အတွေးအခေါ် အကြံအညာဏ်ကို စုဆောင်းပြီး ၄င်းမွန်မြတ်တဲ့ လုပ်ငန်းကြီးထဲ ထည့်သွင်းသင့်ပါတယ်။

မွန်မြတ်တဲ့အိပ်မက်ကို ဖော်ဆောင်ဖို့ ဘက်ပေါင်းစုံမှ လက်ရုံးရည်နဲ့နှလုံးရည်ဖြင့် ပံ့ပိုးပေးဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ကဏ္ဍပေါင်းစုံ၊ အလွှာအဆင့်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အကြံကောင်းအညာဏ်ကောင်းစုစည်းပြီး လက်တွေ့ဖော်ဆောင်ဖို့လိုပါတယ်။ အတွေ့အကြုံနဲ့ သင်ခန်းစာယူ၊ နည်းလမ်းရှာ၊ အတွေးအခေါ်နဲ့ မောင်းနှင်အားရယူသင့်ပါတယ်။ နိုင်ငံအသီးသီးမှ ပါတီများအနေဖြင့် အပြန်အလှန်ယုံကြည်မှု၊ ဖလှယ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ဖို့လိုပါတယ်။ နိုင်ငံတကာဆက်ဆံရေးအသစ်ကို အခြေခံပြီး တူညီမှုရှာကြံ၊ ကွဲလွဲမှုဖယ်ချန်၊ အပြန်အလှန်လေးစားပြီး အပြန်အလှန်အတုယူတဲ့ ပါတီဆက်ဆံရေးပုံစံသစ်ကို ဖန်ဆင်းပေးဖို့လိုပါတယ်။ ပုံစံမျိုးစုံ၊ အလွှာမျိုးစုံပါဝင်တဲ့ ပါတီဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်ကို ဖွဲ့စည်းခြင်းဖြင့် အေးအတူပူအမျှဖြစ်တဲ့ လူသားအသိုက်အဝန်းကို တည်ဆောက်ရေးအတွက် အင်အားစုဆောင်းပေးဖို့လိုပါတယ်။

လုပ်ငန်းမှန်သမျှ လက်တွေ့ပြုလုပ်မှ အောင်မြင်မှာပဲ၊ လမ်းကြောင်းကိုလျှောက်မှ ဖြောင့်ဖြူးမှာပဲ။ အေးအတူပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်းတည်ဆောက်ဖို့ အချိန်ယူရပါတယ်။ တစ်ခါတည်းအလွယ်တကူနဲ့ထမြောက်အောင်မြင်မှာမဟုတ်ဘူး၊ ချောမောလွယ်ကူမှာလည်းမဟုတ်ပါဘူး၊ နှစ်ရှည်လများရုန်းကန်ကြိုးစားဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ အေးအတူပူအမျှဖြစ်တဲ့ လူသားအသိုက်အဝန်းတည်ဆောက်ဖို့ ခွဲလုံ့လဝိရိယနဲ့ မနားမနေကြိုးစားဖို့လိုပါတယ်။ လက်ရှိအခြေအနေရှုပ်ထွေးမှုကြောင့် သို့မဟုတ် မိမိအိပ်မက်ဝေးလံမှုကြောင့် လက်မလွှတ်သင့်ပါဘူး။

ဧည့်သည့်တော်များနဲ့မိတ်ဆွေများခင်ဗျား၊

တရုတ်ကွန်မြူနစ်ပါတီဟာ တရုတ်ပြည်သူများအကျိုးသယ်ပိုးတဲ့ပါတီဖြစ်သလို လူသားဖွံ့ဖြိုးရေးအတွက် ဆောင်ကြဉ်းပေးတဲ့ပါတီလည်းဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ ကမ္ဘာပေါ်မှာ ပမာဏအကြီးဆုံးပါတီဖြစ်ပါတယ်။ ပါတီကြီးဆိုတာ ပါတီကြီးပီသရတယ်လို့ ကျွန်တော်ပြောဖူးပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ လုပ်ငန်းဆောင်ရွက်ချက် မှန်သမျှဟာ

တရုတ်ပြည်သူများအကျိုးသယ်ပေးဖို့၊ တရုတ်လူမျိုးအားလုံးဖွံ့ဖြိုးတိုးတက်ဖို့၊ လူသားငြိမ်ချမ်းရေး နဲ့ဖွံ့ဖြိုးရေးရရှိဖို့ပဲရည်ရွယ်ပါတယ်။ ကျွန်တော်တို့ဟာ မိမိကိစ္စပြေလည်အောင်မြင်အောင် ဆောင်ရွက်ရတယ်။ ဒါက တစ်နည်းပြောရရင် လူသားအသိုက်အဝန်း တည်ဆောက်ဖို့အတွက် အကျိုးဆောင်ရာရောက်ပါတယ်။ တရုတ်နိုင်ငံဟာ မိမိဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာမှာ ကမ္ဘာအတွက် အခွင့်အလမ်းကောင်း ပိုမိုဖန်တီးပေးမှာဖြစ်ပါတယ်။ မိမိနိုင်ငံလက်တွေ့ကျကျ စွမ်းဆောင်ရာမှာ လူသားဖွံ့ဖြိုးရေးဥပဒေသကို စူးစမ်းရှာဖွေပြီး နိုင်ငံအသီးသီးနဲ့မျှဝေမှာဖြစ်တယ်။ ကျွန်တော်တို့ဟာ နိုင်ငံခြားပုံစံကို တင်သွင်းမှာမလုပ်တဲ့အပြင် မိမိနိုင်ငံပုံစံကို နိုင်ငံခြား တင်ပို့မှာမလုပ်ပါဘူး၊ တရုတ်နိုင်ငံရဲ့လုပ်ထုံးလုပ်နည်းများကိုနိုင်ငံခြားအား ပုံတူမိတ္တူကူးခိုင်းဖို့လည်း မလုပ်ပါဘူး။ တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် အောက်ပါအတိုင်းကို တစ်စိုက်မတ်မတ် ဆောင်ရွက်မှာဖြစ်တယ်။

၁။ ။ ကမ္ဘာတည်ငြိမ်အေးချမ်းရေးအတွက် တစ်စိုက်မတ်မတ်အကျိုးဆောင်မှာဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း၁၀၀နီးပါးတုန်းက တရုတ်ကွန်မြူနစ်ပါတီဟာ ရုန်းရင်းဆန်ခတ်တဲ့ တရုတ်နိုင်ငံမှာ ပေါက်ဖွားခဲ့ပါတယ်။ မပြီးပြတ်တဲ့စစ်ပွဲနဲ့ ဝမ်းမဝခါးမလှ ဆင်းရဲဒုက္ခများမှရုန်းထွက်ဖို့ဟာ တရုတ်ကွန်မြူနစ်ပါတီ ထူထောင်ခါစအဓိကတာဝန်တစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ ဘဝသာယာဝပြောရေးအတွက် တရုတ်ကွန်မြူနစ်ပါတီဟာ ပြည်သူများကို ဦးဆောင်ပြီး ၁၉၂၁ခုနှစ်မှ ၁၉၄၉ခုနှစ်အထိ ၂၈နှစ်ကြာကြာ ရုန်းကန်ကြိုးပမ်းခဲ့ပါတယ၊ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများစွာ ပေးလှူခဲ့ပါတယ်၊ ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီဝင်များဟာ ငြိမ်ချမ်းရေးကို တန်ဖိုးကြီးမားစွာထားတဲ့အတိုင်း ငြိမ်ချမ်းရေးကို စောင့်ထိန်းဖို့ သန္နိဋ္ဌာန်ခိုင်မာစွာ ချခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်အကျိုးဖြစ်ထွန်းရေးအလံကို ငှါးငှါးစွင့်စွင့်လွှင့်ထူပြီး ငြိမ်ချမ်းစွာဖွံ့ဖြိုးရေး လမ်းကြောင်းပေါ်

တစ်စိုက်မတ်မတ် ချီတက်လျှောက်လှမ်းမှာဖြစ်တယ်။ ကမ္ဘာ့မိတ်ဖက်ဆက်ဆံရေးကို တက်တက်ကြွကြွတည်ဆောက်ဖို့တွန်းအားပေးပြီး နိုင်ငံတကာ ခဲရာခဲဆစ်များ ဖြေရှင်းဖို့အတွက်ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှာဖြစ်တယ်။ ဒီနေ့အထိ တရုတ်နိုင်ငံက နိုင်ငံအသီးသီးသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်စုစုပေါင်း ၃.၆သောင်းလောက် စေလွှတ်ခဲ့ပြီး ကုလသမ္မဂ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အင်အားပမာဏနဲ့ ငွေကြေးပမာဏအားဖြင့် အကြီးဆုံး ထည့်သွင်းသည့်နိုင်ငံတွေမှာပါဝင်ပါတယ်။ အခုစကားပြောနေတဲ့ချိန်မှာ လူဦးရေ၂၅၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ဟာ တာဝန်ကျဒေသ ၈ခုမှာ အခက်အခဲများနဲ့ အန္တရာယ်ကို ဘေးဖယ်ပြီးသက်ဆိုင်ရာဒေသတည်ငြိမ်အေးချမ်းရေးကို ကာကွယ်ပေးလျက် ရှိတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး နဲ့တည်ဆောက်ရေးကို တက်ကြွစွာပါဝင်ဆောင်ရွက်မှာဖြစ်ပြီး နိုင်ငံတကာနိုင်ငံရေးစီးပွါးရေး စည်းကမ်း နဲ့နည်းစနစ်ကို ပိုပြီးမျှတတဲ့နေရာကို ဦးတည်အောင် တွန်းအားပေးမှာဖြစ်တယ်။ တရုတ်နိုင်ငံဟာမိမိ အခြေအနေဘယ်အဆင့်ကိုပဲရောက်ရောက် ဗိုလ်ကျစိုးမိုးမှုနဲ့နယ်ချဲ့မှု ဘယ်တော့မှမလုပ်ပါဘူး။ ကျွန်တော်တို့ဟာ နိုင်ငံအသီးသီးမှပါတီများနဲ့ လက်တွဲပြီး ကမ္ဘာ ငြိမ်းချမ်းရေးတည်ဆောက်သူ၊ ကမ္ဘာ့ဖွံ့ဖြိုးရေးအကျိုးပြုသူနဲ့ နိုင်ငံတကာစည်းမျဉ်း စည်းကမ်း ကာကွယ်သူဖြစ်ဖို့တိုက်တွန်းလိုပါတယ်။

၂။ ။ တစ်ကမ္ဘာလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိုက်မတ်မတ် အကျိုးဆောင်မှာဖြစ်တယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ ပြည်သူလူထုကနေမွေးဖွားကာ ပြည်သူလူထု အားပေး ထောက်ခံခြင်းကြောင့် ကြီးထွားတိုးတက်လာတဲ့ပါတီဖြစ်ပါတယ်။ ပြည်သူလူထုအပေါ် မေတ္တာစေတနာနဲ့သံယောဇဉ် ကြီးမားစွာထားရှိရုံသာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်သူလူထုအပေါ်လည်းမေတ္တာစေတနာထားရှိပါတယ်။ တရုတ်ပြည်သူလူထုအတွက် အကျိုးသယ်ပိုးပေးလိုရုံသာမကဘဲ ကမ္ဘာ့နိုင်ငံ အသီးသီးက ပြည်သူလူထုအတွက်ပါ အကျိုးသယ်ပိုးပေးဖို့ဆန္ဒရှိပါတယ်။ ကြာမြင့်တဲ့ကာလ

တစ်လျှောက်မှာ တရုတ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အခမဲ့ကူညီထောက်ပံ့မှုနဲ့ အတိုးနည်းချေးငွေကို များစွာပေးခဲ့ပြီး လူအင်အား၊ ဉာဏ်အင်အားနဲ့ နည်းပညာဆိုင်ရာ အင်အားကိုလည်း များစွာပံ့ပိုးပေးခဲ့ပါတယ်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် လူမှုစီးပွါးဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ပြည်သူ့အကျိုးပြုစီမံကိန်း များပြားစွာ တည်ဆောက်ပေးခဲ့ပါတယ်။ ဒီနေ့မှာ ထောင်သောင်းနဲ့ချီတဲ့တရုတ်သိပ္ပံပညာရှင်၊ အင်ဂျင်နီယာ၊ လုပ်ငန်းရှင်၊ တတ်သိပညာရှင်၊ ကျန်းမာရေးဝန်ထမ်း၊ ကျောင်းဆရာဆရာမ၊ အလုပ်သမား၊ စေတနာ့ဝန်ထမ်းတို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံမှာ ကြိုးစားပမ်းစားနဲ့ အလုပ်လုပ်ကိုင်နေကြပြီး သက်ဆိုင်ရာနိုင်ငံပြည်သူလူထု နေရေးထိုင်ရေးကောင်းမွန်လာအောင် သူတို့နဲ့ ရင်ပေါင်တန်း ဆောင်ရွက်နေပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ (၁၉) ကြိမ် မြောက် ပြည်လုံးဆိုင်ရာညီလာခံ ချမှတ်တဲ့အချိန်ဇယားအရ ၂၀၂၀ ပြည့်နှစ်မှာ တရုတ်နိုင်ငံကို ဘက်စုံမှ အတော် အသင့်သက်သာချောင်ချိတဲ့နိုင်ငံအဖြစ် အောင်မြင်စွာတည်ဆောက်ဖို့၊ ၂၀၃၅ ခုနှစ်မှာ တရုတ်နိုင်ငံကို ခေတ်မီတဲ့ဆိုရှယ်လစ်နိုင်ငံအဖြစ် အခြေခံအားဖြင့် ဖော်ဆောင်ဖို့၊ ဒီရာစုအလယ်ပိုင်းမှာ တရုတ်နိုင်ငံကို ကြီးပွားချမ်းသာခြင်း၊ ဒီမိုကရက်တစ် ထွန်းကားခြင်း၊ ယဉ်ကျေးမှုဖြစ်ထွန်းခြင်း၊ သဟဇာတဖြစ်ခြင်း၊ သာယာလှပခြင်းနဲ့ ပြည်စုံပြီး အထွေထွေအင်အား တောင့်တင်းတဲ့ ခေတ်မီဆိုရှယ်လစ်နိုင်ငံအဖြစ် တည်ဆောက်ဖို့ ရည်ရွယ် ထားပါတယ်။ ဒါဟာ တရုတ်ပြည်သူလူထုအတွက်ရော၊ တစ်ကမ္ဘာလုံးရှိ ပြည်သူလူထု အတွက်ပါ အကျိုးသယ်ပိုးသွားမှာဖြစ်တယ်။ ကမ္ဘာ့နိုင်ငံအသီးသီက နိုင်ငံရေးပါတီတွေဟာ တရုတ်ကွန်မြူနစ်ပါတီနဲ့အတူ ဒီကမ္ဘာကြီးအတွက် ပူးပေါင်းဆောင်ရွက်ရေးအခွင့်အလမ်းကို ပိုမိုဖန်တီးကြဖို့နဲ့ နိုင်ငံအသီးသီးအတူတကွ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဖို့ ကျွန်တော်တို့ တိုက်တွန်းလိုပါတယ်။

၃။ ။ ကမ္ဘာ့ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေးနဲ့အပြန်အလှန်အတုယူရေးအတွက် တစ်စိုက်မတ်မတ်အကျိုးဆောင်မှာဖြစ်တယ်။ တရုတ်နိုင်ငံမှာဆိုရိုးစကားတစ်ခုရှိပါတယ်။

ဒီတောင်ကကျောက်မျက်ရတနာကို တောင်တစ်ပါးကကျောက်တုံးနဲ့သွေး လို့ရပါတယ်တဲ့။ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ အမြင်ကျယ်ခြင်းကို အမြဲတမ်းအလေးထားတယ်။ နိုင်ငံအသီးသီးကပြည်သူလူထု ဖန်တီးတဲ့ယဉ်ကျေးမှု အသီးအပွင့် ကို စိတ်အားထက်သန်စွာ အတုယူပြီး တရုတ်နိုင်ငံရဲ့ပကတိအခြေအနေနဲ့ လိုက်လျောညီထွေ စွာအသုံးချပါတယ်။ မာ့က်စ်ဝါဒဟာ တရုတ်ကွန်မြူနစ်ပါတီ က နိုင်ငံခြားကအတုယူလာတဲ့ အမှန်တရား ဖြစ်ပါတယ်။ ကျွန်တော်တို့က မာ့က်စ်ဝါဒကို တရုတ်ဆန်ဆန်ဖြစ်အောင်၊ ခေတ်နဲ့ညီညွတ် အောင်၊ အများပြည်သူနားလည်လက်ခံနိုင်အောင် တရုတ်နိုင်ငံရဲ့ပကတိအခြေအနေနဲ့အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ၄င်းကို တရုတ်ကွန်မြူနစ်ပါတီကပြည်သူလူထုကို ဦးဆောင်ပြီး အဆက်မပြတ် ရှေးရှုချီတက်ဖို့ လမ်းညွှန်ပေးတဲ့၊ တရားနည်းလမ်းကျတဲ့ သဘောတရား ဖြစ်စေပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံအသီးသီးက ပြည်သူလူထု ဖန်တီးတဲ့ယဉ်ကျေးမှုကို မြင်ကွင်းကျယ်ကျယ်၊ သဘောထားကြီးကြီးနဲ့ ရှုမြင်မှာဖြစ်တယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ နိုင်ငံအသီးသီးကပြည်သူလူထုနဲ့ နိုင်ငံရေးပါတီတွေနဲ့ ကူးလူးဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်ဖို့ဆန္ဒရှိသလို နိုင်ငံအသီးသီးက ပြည်သူလူထုအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှု၊ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံမှုကို လည်းထောက်ခံအားပေးမှာဖြစ်တယ်။ လာမဲ့ ၅ နှစ်အတွင်း တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ နိုင်ငံအသီးသီးကနိုင်ငံရေးပါတီတွေအတွက် လူ၁၅၀၀၀ကို တရုတ်နိုင်ငံကိုလာရောက် ဖလှယ်ဖို့ ဖိတ်ခေါ်မှာဖြစ်တယ်။ ကျွန်တော်တို့က တရုတ်ကွန်မြူနစ်ပါတီနဲ့ ကမ္ဘာ့နိုင်ငံရေးပါတီများ အဆင့်မြင့်ဆွေးနွေးပွဲကို ပုံမှန်အတိုင်းကျင်းပဖို့ အဆိုပြုလိုပါတယ်။ ဒီအဆင့်မြင့်ဆွေးနွေးပွဲကို ကျယ်ပြန့်စွာကိုယ်စားပြုနိုင်တဲ့၊ နိုင်ငံတကာအသိုင်းအဝိုင်းမှာ သြဇာရှိတဲ့ အဆင့်မြင့် နိုင်ငံရေးဆွေ့နွေးမှုပလက်ဖောင်း ဖြစ်စေလိုပါတယ်။

ကြွရောက်လာကြသောဧည့်သည်တော်များ၊ မိတ်ဆွေများခင်ဗျား၊

ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ကျော်တုန်းက တရုတ်အတွေးအခေါ်ဆိုင်ရာ သုခမိန်ကြီး

ကွန်ဖြူရှပ်က မိန့်ကြားခဲ့သလို အကျိုးရှိတဲ့ မိတ်ဆွေ သုံးမျိုးရှိရာ ဖြောင့်မတ်တဲ့မိတ်ဆွေ၊ ရိုးသားတဲ့မိတ်ဆွေနဲ့ မြင်ကွင်းကျယ်တဲ့မိတ်ဆွေပါပဲ။ တရုတ်ကွန်မြူနစ်ပါတီဟာ စတုဒိသာလေးမျက်နှာကမိတ်ဆွေကိုဖွဲ့ဖို့ လိုအင်ဆန္ဒအပြည့်ရှိပါတယ်။ ကြာမြင့်တဲ့ ကာလတစ်လျှောက်မှာ တရုတ်ကွန်မြူ နစ်ပါတီက ကမ္ဘာပေါ်ရှိ နိုင်ငံနဲ့ ဒေသ ၁၆၀ ကျော်က နိုင်ငံရေးပါတီ၊နိုင်ငံရေးအဖွဲ့အစည်းပေါင်း ၄၀၀ ကျော်နဲ့ မကြာခဏဆက်ဆံပါတယ်၊ ကိုယ့်မိတ်ဆွေအသိုင်းအဝိုင်း ကြီးမားသထက်ကြီးမားလာပါတယ်။ အနာဂတ်မှာ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ နိုင်ငံအသီးသီးကနိုင်ငံရေးပါတီနဲ့ဆက်ဆံရေး ပိုမိုမြင့်တင်ပြီး ပါတီနဲ့ နိုင်ငံစီမံအုပ်ချုပ်ရေးဆိုင်ရာအတွေ့အကြုံအပြန်အလှန် မျှဝေတဲ့အပြင် ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးဖလှယ်မှုကိုလည်း ဆောင်ရွက်မှာဖြစ်ပြီး အပြန်အလှန်ယုံကြည်မှုကို အားဖြည့် တည်ဆောက်မှာဖြစ်တယ်။ ကျွန်တော်တို့ဟာ ကမ္ဘာတစ်ဝန်းရှိပြည်သူလူထုနဲ့လက်တွဲပြီး အေးအတူ ပူအမျှဖြစ်တဲ့လူသားအသိုက်အဝန်းနဲ့ ပိုမိုသာယာလှပတဲ့ကမ္ဘာကြီးကို အတူတကွတည်ဆောက် ကြပါစို့။

တရုတ်ကွန်မြူနစ်ပါတီနဲ့ ကမ္ဘာ့နိုင်ငံရေးပါတီများ အဆင့်မြင့်ဆွေးနွေးပွဲ အောင်မြင်ပါ စေကြောင်း ဆုတောင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။